# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# (၂၃)ရက်မြောက်နေ့ အစီအစဉ်

# [ ၃၀-၈-၂၀၁၆ ] ( အင်္ဂါနေ့ ) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ထိုင်းနိုင်ငံ အမျိုးသားဥပဒေပြု လွှတ်တော်ဥက္ကဋ္ဌ ပါမောက္ခ ပွန်ရ်ဖက် ဝီချစ်ခေါ်လ်ချိုင်း ထံမှ ပေးပို့သော လျောင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများအတွက် ဝမ်းနည်းကြောင်း သဝဏ်လွှာ ဖတ်ကြားတင်ပြခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း-

(က) ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံအနေဖြင့် တစ်နိုင်ငံနှင့် တစ်နိုင်ငံကြား လွတ်လပ်သော ကုန်သွယ်ရေးနယ်မြေ ( Free Trade Area ) စာချုပ်မျိုး ချုပ်ဆိုထားခြင်း ရှိ ၊ မရှိနှင့် ရောမစာချုပ်တွင် ပါဝင် လက်မှတ်ရေးထိုးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးကျော်ငွေး၊ လေရှိုး မဲဆန္ဒနယ်၏ **အစိုးရဝန်ကြီးဌာနများ၏ ဘတ်ဂျက်ခွဲဝေချထားရာတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစ၍ အမှန်တကယ် ဒေသပေါက်ဈေးနှင့်အညီ တွက်ချက်ခွဲဝေချထားပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဒေါ်အေးအေးမူ(ခ) ဒေါ်ရှားမီး၊ ကလေး မဲဆန္ဒနယ်၏ **ဖွံ့ဖြိုးရေး စီမံကိန်းများအား ပွင့်လင်းမြင်သာပြီး လူထုပါဝင်မှု တိုးမြှင့်ပေးရန် အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံကိန်းများအား ဆက်လက် အကောင်အထည်ဖော်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်နီရွှေလျှန်း၊ ထန်တလန် မဲဆန္ဒနယ်၏ **ချင်းပြည်နယ်တွင် မြို့နယ် (၉)မြို့နယ်၊ မြို့(၆)မြို့ရှိရာ မြို့ပြတည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် ပြည်ထောင်စုရန်ပုံငွေဖြင့် ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေး နှစ်တွင် ကျပ်သန်း ၁၀၀၀၀ အား ခွဲဝေလျာထားပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးဖြိုးဇေယျာသော်(ခ) ဇေယျာသော်၊ ဇမ္ဗူသီရိ မဲဆန္ဒနယ်၏ **နိုင်ငံတော် အစိုးရ၏ လုပ်ငန်းလေလံတင်ဒါများ ခေါ်ယူရာတွင် အခြေခံမူနှင့် အခြေခံစံ သတ်မှတ်ချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့မှ သတ်မှတ်ပြဋ္ဌာန်းပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၇။ ပြည်ထောင်စုရှေ့နေချုပ်ရုံးက **“ ဥပဒေဘာသာပြန် ကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို တင်သွင်းခြင်း၊

၈။ **“ ဥပဒေဘာသာပြန် ကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၉။ ပြည်ထောင်စုရှေ့နေချုပ်ရုံးက တင်သွင်းသည့် **“ ဥပဒေဘာသာပြန် ကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”**ကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၄)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။